www.burmeseclassic.com

သာရိပုတ္တရာ၊ အရှင် (၁၂–ရာစုနှောင်းပိုင်း)

သာရတ္ထဋီကာ၊ အင်္ဂုတ္တရဋီကာကျမ်းပြု

အရှင်ကေလာသ

အရှင်သာရိပုတ္တရာသည် ဒမ္ဗုလာဂလ (ဥဒုမ္ဗရဂိရိ)ကျောင်းနေ သမန္တပါသာဒိကာ၏ သီဟိုဠ်ဘာသာနိဿယ (ယခုပျောက်ဆုံးသွားပြီ)နှင့် ဗာလာဝဗောဓနအမည်ရှိ သက္ကတသဒ္ဒါကျမ်းနှင့် အဘိဓမ္မတ္ထသင်္ဂဟပေါရာဏဋီကာတို့ကို ရေး သားသည့် အရှင်မဟာကဿပ၏ တပည့်ဖြစ်ပြီး **ပေါလုန္နရုဝ**(ပုလတ္ထိ)ခေတ်တွင် ထင်ရှားသည်[၁]။ **ပါဠိမုတ္တကဝိနယဝိနိစ္ဆယ၊ သာရတ္ထဒီပနီ (ဝိနယဋီကာ)၊ သာရတ္ထမဉ္ဇူသာ(အင်္ဂုတ္တရဋီကာ)၊ ဝိသုဒ္ဓိပထသင်္ဂဟ**နှင့် **ကမ္မဋ္ဌာနသင်္ဂဟ**ကျမ်းတို့ကို **ပါဠိဘာသာ**ဖြင့်ရေးပြီး၊ **ပဉ္စိကာလင်္ကာရ၊ ပဒါဝတာရ**တို့ကို **သက္ကတဘာသာ**ဖြင့် ရေးလျက် **သီဟိုဠ်ဘာသာ**ဖြင့်လည်း **အဘိဓမ္မတ္ထသင်္ဂဟနိဿယ** တို့ကို ရေးသားခဲ့သည်။

ကျမ်းစာများ

ဝိနယသင်္ဂဟအဋ္ဌကထာကို **မဟာဝိနယသင်္ဂဟပကရဏ၊ ပါဠိမုတ္တကဝိနယဝိနိစ္ဆယ**စသည်ဖြင့် ခေါ်ဝေါ်ကြသည်။ ဒါဌာဝံသနိဂုံး၌ ဝိနယသင်္ဂဟဟူသောအမည်ဖြင့် ဖော်ပြသည်။ ယင်းကျမ်းကို ပုလတ္ထိပုရ(ပေါလုန္နရုဝ)မြို့ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ပရက္ကမဗာဟုမင်း တောင်းပန်၍ ရေးသည်။ ဤကျမ်း၌ အခန်းပေါင်းလေးဆယ်တို့ဖြင့် ဝိနယသိက္ခာပုဒ်များကို အကျဉ်းအားဖြင့် ရှင်းလင်းထားသည်။

ဤ**ဝိနယသင်္ဂဟအဋ္ဌကထာ**၌ ပရက္ကမဗာဟုမင်းကြီး (၁၁၅၃-၁၁၈၆)၏ ကောင်းမှုတော်ဖြစ်သည့် ဇေတဝန်ကျောင်း၌ သီတင်းသုံးသော မထေရ်တစ်ပါး စီရင်သည့် ဋီကာတစ်စောင်ရှိသည်။ မြန်မာနိုင်ငံ အင်းဝခေတ်တွင် တောင်ဖီလာဆရာတော် အရှင်မုနိန္ဒဃောသမထေရ်က ဝိနယာလင်္ကာရအမည်ဖြင့် ဋီကာသစ်တစ်စောင် ရေးသားခဲ့သည်။ မြန်မာနိုင်ငံ၌ ယင်းဋီကာကို ယနေ့တိုင် သင်ယူပို့ချဆဲဖြစ်သည်။

သာရတ္ထဒီပနီသည် သမန္တပါသာဒိကာ (ဝိနယအဋ္ဌကထာ) အဖွင့်ဖြစ်သည်။ ပဌမပရက္ကမဘုရင်မင်းတရာကြီးကိုယ်တိုင် တောင်းပန်၍ ထိုမင်းကြီးလှူဒန်းသည့် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရေးသားသည်။ ယင်းဋီကာ၌ အရေးပါသည့် သမိုင်းသတင်းအချက်များစွာကို စုဆောင်းဖော်ပြထားသဖြင့် အရှင်မြတ်၏ အသိပညာ နက်နဲကြွယ်ဝမှုနှင့် ဖွင့်ဆိုစွမ်းရည်တွင် ထိပ်တန်းပုဂ္ဂိုလ် ဖြစ်ကြောင်းဖော်ပြသည်။ သရုပ်ဖော် ပုံဝတ္ထုများစွာတို့မှာ သီဟိုဠ်မထေရ်များနှင့် ဥပသကာများဖြစ်သည်။ တန်ဖိုးရှိလှသည့် တတိယ သံဂါယနာအချိန်ကဖြစ်ပေါ်ခဲ့သည့် ဂိုဏ်းကြီး ၁၈-ဂိုဏ်း အကြောင်းမှတ်တမ်း ပါရှိသည်။

ယင်းကျမ်း၌ ဝိနယအဋ္ဌကထာ၏ ပဌမဆုံးဋီကာဖြစ်သည့် ဝဇိရဗုဒ္ဓိဋီကာကို ဝေဖန်ထားသည်။ သို့ရာတွင် နောက်မကြာမီအချိန်တွင်ရေးသည့် ဝိမတိဝိနောဒနီဋီကာ၌ သာရတ္ထဒီပနီကို ထပ်၍ ဝေဖန်ထားပြန်သည်။

အရှင်သာရိပုတ္တရာခေတ် (အေဒီ ၁၂-ရာစုအချိန်)က သီဟိုဠ်ကျွန်း၌ ဝဇိရဗုဒ္ဓိဋီကာအပြင် သီဟိုဠ်ဘာသာဖြင့် ရေးထားသည့် မဟာဂဏ္ဌိပဒ၊ မဇ္ဈိမဂဏ္ဌိပဒ၊ စူဠဂဏ္ဌိပဒနှင့် မဂဓဘာသာဖြင့်ရေးထားသော ဝိနယဂဏ္ဌိပဒများရှိကြသည်(သာရတ္ထ-ဋီ ၁၊ စာ-၃)။ အရှင်သာရိပုတ္တရာသည် အဋ္ဌကထာနှင့် မဟာဋီကာကျမ်းပြု အရှင်ဓမ္မပါလမထေရ်ကိုလည်း အလွန်လေးစားတော်မူသည်။ ထို့ကြောင့် 'အာစရိယဓမ္မပါလတ္ထေရော ပန (သာရတ္ထ-ဋီ ၁၊ ၃၉၆)၊ အာစရိယဓမ္မပါလတ္ထေရေန (သာရတ္ထ-ဋီ ၁၊ ၄၀၅)'စသည်ဖြင့် မိမိဋီကာ၌ **အာစရိယ**ဟု လေးစားစွာ သုံးနှုန်းဖော်ပြခဲ့သည်။

သာရတ္ထမဉ္ဇူသာဋီကာ (အင်္ဂုတ္တရဋီကာ)ကို အရှင်သာရိပုတ္တရာရေးသားကြောင်း ဒါဌာဝံသကျမ်းပြု အရှင်ဓမ္မကိတ္တိရာဇဂုရုမထေရ်က ဖော်ပြသည်။ ပဏာမဂါထာများ အရလည်း အရှင်သာရိပုတ္တရာ ရေးသားကြောင်း သေချာစွာ သိရသည်။ ယင်းပဏာမ၌ ဆရာများဖြစ်ကြသည့် ဇေတဝန၏နာယက အရှင်ကဿပနှင့် ဒုနာယက အရှင်သုမေဓမထေရ်တို့အား ဂါရဝပြုဖော်ပြထားသည်။

ဝိသုဒ္ဓိပထသင်္ဂဟသည် တောနေရဟန်းတို့အတွက် စင်ကြယ်သော လမ်းစဉ်အကျဉ်းကိုဖော်ပြပြီး **ကမ္မဋ္ဌာနသင်္ဂဟ**သည် ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်သူများအတွက် ကမ္မဋ္ဌာန်းအကျဉ်းကို ဖော်ပြသောကျမ်းဖြစ်သည်။

ပဉ္စိကာလင်္ကာရသည် **စန္ဒဂေါမိ**သက္ကတသဒ္ဒါကျမ်း၏ အဖွင့်ဋီကာဖြစ်သည်။ **ရတနမဏိပဉ္စိကာဋီကာ**ဟုလည်း ခေါ်သည်။ **ပဒါဝတာရ**သည် သက္ကတသဒ္ဒါကျမ်းအကျဉ်းဖြစ်သည်။

သီဟိုဠ်ဘာသာ **အဘိဓမ္မတ္ထသင်္ဂဟနိဿယ**ကျမ်းမှာ ယနေ့တိုင် ထင်ရှားရှိသည်။

ကျမ်းပြုပုဂ္ဂိုလ်

အစဉ်အလာအရ ဤအရှင်သည် မူလကအိန္ဒိယတောင်ပိုင်းသားဖြစ်ပြီး နောင်အခါကျမှ သီဟိုဠ်သို့ရောက်သည်ဟု သိရသည်။ ယင်းသို့ဖြစ်မူ သီဟိုဠ်ဘာသာဖြင့် နိဿယကျမ်းများရေးသားနိုင်သည်အထိ သီဟိုဠ်ဘာသာကို တတ်ကျွမ်း

[၁] Pali Literature of Ceylon, p. 190-192

www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ချီးမွမ်းဖွယ်ဖြစ်သည်။ ပရက္ကမဗာဟုခေတ်တွင် အထွန်းတောက်ဆုံး ပါဠိစာပေပညာရှင်ဖြစ်သည်။ ဤအရှင်၏ဘွဲ့ကို **သာဂရမတိ** ဟုလည်း ပြဆိုသည်[၁]။

ထိုအရှင်သည် **ဇေတဝနဝိဟာရ**အတွင်း **အာလာဟနပရိဝေဏ**၏ ပထမကျောင်းအုပ် အရှင်မဟာကဿပနှင့် ဒုတိယကျောင်းအုပ် အရှင်သုမေဓတို့၏တပည့်ဖြစ်သည်။ ပထမ ပရက္ကမဗာဟုမင်းကြီး ဦးဆောင်ကျင်းပသည့် သံဃာ့အစည်းအဝေးတွင် ဆရာမထေရ်နှင့်အတူ တက်ကြွစွာ ပါဝင်ခဲ့သည်။ ထိုခေတ် အခြားသော ပညာရှင်များကဲ့သို့ ဤအရှင်သည် သက္ကတဘာသာကို ကောင်းစွာတတ်မြောက်သည်။ မဟာဝံသ၌ အရှင်သာရိပုတ္တရာသည် ပရက္ကမဗာဟုမင်းကြီးတည်ဆောက်သည့် ဇေတဝန်ကျောင်းတိုက်အတွင်း ပြာသာဒ်ကျောင်းကို အလှူခံတော်မူရကြောင်း ပြဆိုသည်။

'ထိရသီလဿ ထေရဿ၊ သာရိပုတ္တဝှယဿတိ။
ဟမ္မိယတ္တလဂဗ္ဘေဟိ၊ မဟာပါသာဒမုတ္တမံ[၂]။

'မြဲမြံသော သီလရှိသော သာရိပုတ္တရာ အမည်သာသည့် အရှင်မြတ်အား အထွတ်တပ်တိုက်ခန်းများ ပါရှိသည့် ပြာသာဒ်မြတ်ကို (လှူဒါန်းတော်မူပြီ')။

ပေါလုန္နရုဝမြို့တွင် ပထမပရက္ကမဗာဟုမင်း(၁၁၅၃-၁၁၈၆) တည်ထောင်သည့် အဆိုပါ ပညာဆည်းပူးရာဌာနကြီးမှာ အာယတန(ဂိုဏ်း)ရှစ်ခုအတွက် သုံးထပ်ဆောင်ရှစ်ဆောင်ရှိပြီး ဖော်ပြပါအတိုင်းအရှင်သာရိပုတ္တရာအတွက် သီးခြားတစ် ဆောင်ရှိသည်။ ထို့ပြင် သုံးထပ်ရုပ်ပွားတော်ဆောင် ၉-ဆောင်၊ သံယာသီတင်းသုံးသည့် နှစ်ထပ်ဆောင် ၇၅-ဆောင်၊ သံဃာသီတင်းသုံးရာ အဆောင်ငယ် ၇၈-ဆောင်၊ စာကြည့်တိုက် ၂-ဆောင်၊ တရားဟောခန်းမ ၃-ဆောင်၊ စေတီတစ်ဆူ၊ ဆွမ်းစားဆောင် တစ်ဆောင်၊ မီးဖိုဆောင် ၈၅-ခု၊ ကုဋီ ၁၇၈-လုံးနှင့် အခြားလိုအပ်သည့် အဆောင်များရှိသည်[၃]။

ပရက္ကမဗာဟုမင်းကြီး၏ သာသနာသုတ်သင် (ဂိုဏ်းကြီးသုံးဂိုဏ်းစေ့စပ်)ပွဲ၌ မဟာနာယက တာဝန်ကို ထမ်းဆောင်တော်မူခဲ့သော ပုလတ္ထိပုရ (ပေါလုန္နရုဝ)မြို့အနီး ဒိမ္ဗုလာဂတော၌ သီတင်းသုံးတော်မူသည့် ဓုတင် ၁၃-ပါးဆောင် အရှင်ကဿပမဟာထေရ်သည် အရှင်သာရိပုတ္တရာ၏ ဆရာသခင်ဖြစ်သည်။ ထို့ကြောင့် အရှင်မြတ်ပြုစုသော သာရတ္ထဋီကာနှင့် အင်္ဂုတ္တရဋီကာ ဂန္ထာရမ္ဘများ၌ အောက်ပါ အတိုင်း မိန့်ဆိုထားသည်-

“ကဿပံ တံ မဟာထေရံ၊ သံဃဿ ပရိနာယကံ။
ဒီပသ္မိံ တမ္ဗပဏ္ဏိမှိ၊ သာသနောဒယကာရကံ။
ပဋိပတ္တိပရာဓိနံ၊ သဒါရညနိဝါသိနံ။
ပါကဋံ ဂဂနေ စန္ဒ-မဏ္ဍလံ ဝိယ သာသနေ။
သံဃဿ ပိတရံ ဝန္ဒေ၊ ဝိနယေ သုဝိသာရဒံ။
ယံ နိဿာယ ဝသန္တောဟံ၊ ဝုဒ္ဓိပ္ပတ္တောသ္မိ သာသနေ။

'သီဟိုဠ်ကျွန်း၌ ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းလင်းအောင် ဆောင်ရွက်သူ၊ ပဋိပတ္တိ အမြဲအားထုတ်ပြီး ထာဝစဉ်အရညဝါသီ တောရပ်မှီပုဂ္ဂိုလ်ဖြစ်သူ၊ သာသနာတော်၌ ကောင်းကင်မှ လမင်းကဲ့သို့ ထင်ရှားသူ၊ ဝိနည်းကျွမ်းကျင်သူ အဆိုပါမထေရ်ကို အမှီပြု၍ ကျမ်းပြုဆရာ (အရှင်သာရိပုတ္တရာ)သည် သာသနာတော်၌ ကြီးပွားခဲ့ရပြီး သံဃာ့ဖခင် သံဃာ့ဦးကိုင်ဖြစ်တော်မူသော ယင်းအရှင်ကဿပမဟာထေရ်အား ရှိခိုးပါ၏'

အရှင်သာရိပုတ္တရာသည် ပရက္ကမဗာဟုမင်းကြီး၏ အထောက်အပံ့ဖြင့် ပုလတ္ထိမြို့၌ပြုလုပ်သော သာသနာ သုတ်သင်ပွဲ၌ ဆရာဖြစ်သူ အရှင်ကဿပ၏ လက်အောက်မှ ဒုတိယခေါင်းဆောင် တာဝန်များကို ထမ်းရွက်ရသည်။ ပရက္ကမဗာဟုမင်းမြတ်သည် သာသနာသုတ်သင် ရှင်းလင်းပွဲ၌ အရှင်သာရိပုတ္တရာမထေရ်အား များစွာကြည် ညိုသွားခဲ့ပုံရသည်။ ထိုအရှင်၏အရည်အချင်းကို ကောင်းစွာ သိမြင်သဖြင့် ဝိနယသင်္ဂဟအဋ္ဌကထာနှင့် သာရတ္ထဒီပနီဋီကာ၊ အင်္ဂုတ္တရဋီကာတို့ကိုပြုစုရန် သံဃာ့ပရိသတ်အလယ်၌ လျှောက်ထားခဲ့ကြောင်း ဖော်ပြပါ ဋီကာကျမ်းများ၏နိဂုံးနှင့် ပဏာမတို့၌ ဖော်ပြသည်။

အရှင်သာရိပုတ္တရာ ရေးသားသော ဋီကာကျမ်းများနှင့် ပတ်သက်၍ အောက်ပါ **သဒ္ဓမ္မသင်္ဂဟ**ကျမ်း ဖော်ပြချက်ကို အခြေခံလျက် သုံးသပ်ချက်တစ်ရပ်ရှိသည်။

ဇေတဝနကျောင်းတိုက်၏ နာယကအရှင်မဟာကဿပမထေရ်ဦးဆောင်ပြီး သံဃာ့အစည်းအဝေးကို ထိုကျောင်းတိုက်၌ ကျင်းပသည်။ ထိုအစည်းအဝေး၌ အရှင်မြတ်က ဤသို့ကြေညာချက်ထုတ်ပြန်သည်။ ရှေးဆရာတို့ ရေးထားသည့် အဋ္ဌကထာကျမ်းများ၏ အဖွင့်ကျမ်း (သီဟဠဂဏ္ဌိပဒများကို ဆိုလိုဟန်တူသည်) များသည် သီဟိုဠ်ဘာသာဖြင့် ရေးထားခြင်း၊ အချို့မှာ ပါဠိနှင့်သီဟိုဠ်ဘာသာစကားနှစ်မျိုးဖြင့် ရောယှက်၍ ရေးထားခြင်းတို့ကြောင့် တိုင်းတစ်ပါး၌နေထိုင်ကြသည့် ရဟန်းတော်များအား အကျိုးမများဘဲရှိသည်။ သို့ဖြစ်၍ ယင်းအမှားကို ဖယ်ရှားရန် ပါဠိ ဘာသာသက်သက်ဖြင့် အဖွင့်ကျမ်းများ ရေးသားကြရန် အဆိုပြုသည်။ သံဃာ့ပရိသတ်ကသဘောတူသဖြင့် ဘုရင်လှူဒါန်းသည့်ဇေတဝန်ကျောင်းတိုက်၏ ခန်းမဆောင်၌ စည်းဝေးလျက် ဋီကာကျမ်းများကို စီရင်ကြသည်[၄]။

---

[၁] Saddhammasangha, p 63

[၂] Mhavamsa, Chap 76, V. 34

[၃] Mhavamsa, Chap 78, V. 31-37

[၄] Saddhammasangaha, JPTS. Ed., p 58

www.burmeseclassic.com

www.burmeseclassic.com

ဂိုဏ်းကြီးသုံးခုညီညွတ်ရေး သံဃာ့အစည်းအဝေးနှင့် ပတ်သက်၍ မဟာဝံသ၌ ဖော်ပြချက်မှာ ဤသို့ဖြစ်သည်-

ပရက္ကမဗာဟုမင်းကြီးသည် သံဃာအတွင်း **အဘယဂိရိ၊ ဇေတဝန**နှင့် **မဟာဝိဟာရ**ဟု ဂိုဏ်းကြီး သုံးဂိုဏ်း ကွဲပြားနေမှုကို မနှစ်သက်သဖြင့် သံဃာ့အစည်းအဝေးကြီး တစ်ရပ် ကျင်းပနိုင်ရန် ပိဋကတ်သုံးပုံနှင့် ဝိနည်းအထူး ကျွမ်းကျင်သော ဥဒုမ္ဗရဂိရိဝိဟာရကျောင်းတိုက်မှ အရှင်မဟာကဿပမထေရ်အား နာယကအဖြစ် တင်မြှောက်သည်။ ယင်းနောက် နိုင်ငံအနှံ့အပြားရှိ သံဃာတော်များကို မြို့တော်သို့ပင့်ခေါ်ပြီး အစည်းအဝေးကြီး ကျင်းပလျက် ပေါင်းစည်းညီညွတ်ရန် တောင်းပန်သည်။

ပေါင်းစည်းမှုမပြုလိုသည့် သံဃာအချို့ နိုင်ငံရပ်ခြားသို့ ထွက်ပြေးကြပြီး အချို့လူထွက်ကြသည်။ သို့ရာတွင် မင်းကြီးသည် အလျှော့မပေးဘဲ ပညာရှင်များ၊ ကျမ်းတတ်ပုဂ္ဂိုလ်များနှင့်တိုင်ပင်ပြီး တင်ပြလာသည့် မေးခွန်းပြဿနာများကို ဖြေရှင်းသည်။ မင်းကြီးသည် မဟာဝိဟာရသံဃာတော်များ၏ တင်ပြမှုကို ဖြောင့်မတ်မှန်ကန်သည်ဟု ယူဆပြီး ထိုမထေရ်တို့၏ တင်ပြမှုကို အဓိကပြုခြင်းဖြင့် အပြီးသတ်စေသည်။ မဟာဝိဟာရတို့၏ ဆွေးနွေးချက်ကို မြင့်တင်ပေးပြီး ၎င်းတို့၏ဆုံးဖြတ်ချက်ကို လက်ခံသင့်ကြောင်း ထောက်ခံအားပေးသည်။ အထူးဂရုစိုက် သည်းခံလျက် ဂိုဏ်းပေါင်းစုံသံဃာတော်များအတွင်း လေ့လာစုံစမ်းမှုများပြုလုပ်ပြီး အချို့ကို သာမဏေ၊ အချို့ကို လူဝတ်လဲရန် စည်းရုံးသည်။ လူဝတ်လဲသွားသူများအတွက် ဘဝရပ်တည်ရန် လယ်ယာမြေများ ဝေခြမ်းပေးသည်။ စည်းရုံးဆွဲဆောင်၍ မရသူများကို အမိန့်ဖြင့် လူဝတ်လဲစေသည်။

ဤသို့ဖြင့် မဟာဝိဟာရဝါသီမထေရ်တို့၏ အောင်ပွဲပြီးဆုံးသွားပြီး သုံးဂိုဏ်းညီညွတ်သွားသည်။ အစည်းအဝေးအပြီးတွင် သံဃာညီညွတ်မှု၏ သင်္ကေတအဖြစ် နိုင်ငံနှင့်အဝန်းတွင် ကျောင်းတိုက်များ၊ စေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များနှင့် နယ်တိုင်းတွင် ခရီးသွားရဟန်းတော်များ ချမ်းသာစွာ သီတင်းသုံးနိုင်ရန် နားနေဆောင်(ဇရပ်) တန်ဆောင်းများ ဆောက်လုပ် လှူဒါန်းကြသည်[၁]။

သဒ္ဓမ္မသင်္ဂဟကျမ်းတွင် အရှင်သာရိပုတ္တရာရေးသည့် ဋီကာများကို မဖော်ပြခြင်းမှာ ထူးခြားသည်။ ယင်းကျမ်းပါ အဆိုအချို့ မခိုင်လုံသော်လည်း ဋီကာကျမ်းများကို စုပေါင်း၍ရေးသည်ဟူသော ဖော်ပြချက်မှာ ဖြစ်နိုင်ခြေရှိသည်။

မဟာဝိဟာရဝါသီတို့၏ အခြားဂိုဏ်းသားများအပေါ် အောင်နိုင်မှုနှင့်ပတ်သက်၍ လှိုက်လှိုက်လှဲလှဲ မရှိနိုင်သည့် သံဃာအုပ်စုတစ်စု ရှိခဲ့သည်။ သို့ဖြစ်၍ သုံးဂိုဏ်းသား ညီညွတ်ခြင်းမှာ သည်းခံ၍ သို့မဟုတ် မနိုင်၍ အရှုံးပေးခြင်းမျိုးသာ ဖြစ်သည်။ ပညာရှိ အရှင်ကဿပ မထေရ်သည် ဂိုဏ်းတစ်ပါးသားတို့ကို ခွဲခြားဆက်ဆံခြင်း မပြုမိအောင် လိမ္မာပါးနပ်စွာ ကိုင်တွယ်ခဲ့ရလိမ့်မည်။ ထိုကိစ္စအတွက် ဇေတဝန်ကျောင်းမှ မိတ်ဆွေ လုပ်ဖော်ကိုင်ဖက်များနှင့် တိုင်ပင်ညှိနှိုင်းပြီး အဆိုပါ(သဘောမတူနိုင်သည့်)အုပ်စုကို ဋီကာပြုစုရေး၌ ပါဝင်လာအောင် စည်းရုံးဆောင်ရွက်နိုင်ခဲ့သည်။ သို့ဖြစ်၍ ယင်းဋီကာများမှာ ဂိုဏ်းတစ်ခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ယောက်တည်းက ရေးသည်မဟုတ်ဘဲ ဂိုဏ်းအားလုံးမှ သံဃာတော်များ ဆွေးနွေးညှိနှိုင်းတိုက်ဆိုင် သဘောတူပြီးမှသာ အဆုံးသတ်အတည် ပြုခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်မူ ဤဋီကာပြုစုသည့်ကိစ္စ၌ အရှင်သာရိပုတ္တရာ၏ အခန်းကဏ္ဍမည်သို့ရှိသနည်း။ အရှင်မြတ်သည် ဇေတဝနဝိဟာရ၏ အရေးပါသော အုပ်ချုပ်ရေးအဖွဲ့ဝင်ဖြစ်သဖြင့် ထိုလုပ်ငန်းစဉ်တွင် အရေးပါသည့် အခန်းကဏ္ဍမှ ဆောင်ရွက်ခဲ့သည်။ ဝိနယနှင့် အင်္ဂုတ္တရနိကာယ အခန်းအတွက် ကြီးကြပ်ကွပ်ကဲသူ ဖြစ်ဖွယ်ရှိသည်။ အရှင်သာရိပုတ္တရာသည် တာဝန်ကျကျမ်းဂန်များကိုရေးသားရန် ၎င်း၏တပည့်များနှင့် တိုင်ပင်ညှိနှိုင်းပြီး ယခုအခါ ၎င်း၏အမည်နှင့်ရှိနေသည့် ကျမ်းဂန်များကို အရှင်မြတ်ဦးဆောင်ပြီး ရေးသားခဲ့ခြင်းဖြစ်နိုင်သည်။ အရှင်မြတ်ဦးဆောင် ရေးသားခဲ့သည့်ကျမ်းများကိုပင် ၎င်း၏တပည့်များက နောင်အခါ ဆရာ့နာမည်ဖြင့် ထားခဲ့ဖွယ်ရှိသည်ဟုဆိုသည်။ Dr. မာလာလာဆေကေရသည် လီနတ္ထပကာသနာ (ဒီဃ၊ မဇ္ဈိမနှင့် သံယုတ္တနိကာယဋီကာများ)ကိုပါ ဤသံဃာ့အစည်းအဝေး၌ ရေးသည်ဟု ယူဆလိုပုံရသည်[၂]။

သို့ရာတွင် လီနတ္ထပကာသနာကို ပရက္ကမဗာဟုခေတ် မတိုင်မီ အေဒီ ၆-ရာစုခန့်ကပင် အရှင်မဟာဓမ္မပါလထေရ် ရေးခဲ့ကြောင်း ပညာရှင်တို့လက်ခံထားသဖြင့် မာလာလာဆေကေရ၏ တင်ပြချက်ကို နှောင်းခေတ် ပညာရှင်တို့ လက်မခံကြပေ။ သာရတ္ထဒီပနီနှင့် သာရတ္ထမဉ္ဇူသာတို့ကိုလည်း သံဃာ့အစည်းအဝေးပြီးမှ ရေးသည်ဟုဆိုသည်[၃]။

ထို့ပြင် 'အဇ္ဈေသိတော နရိန္ဒေန၊ **သောဟံ** ပရက္ကမဗာဟုနာ = ပရက္ကမဗာဟုမင်း တောင်းပန်၍ **ငါ**(ရေးသည်)ဟူသော ဝိနယသင်္ဂဟ၊ သာရတ္ထနှင့် အင်္ဂုတ္တရဋီကာ နိဂုံးဖော်ပြချက်များအရလည်း ယင်းကျမ်းများကို အရှင်သာရိပုတ္တရာပင် ရေးသည်ဟု ဆိုလိုရိပ်ထင်ရှားပါသည်။

သီဟိုဠ်ဘာသာ အဘိဓမ္မတ္ထသင်္ဂဟနိဿယကျမ်းနိဂုံး၌ အရှင်မြတ်၏ဂုဏ်ရည်ကိုဖော်ပြသည့် အောက်ပါ အာစရိယပူဇာသံသာ(ဆရာ့ဂုဏ်ရည်ပြ)ဂါထာတစ်ပုဒ်ကို အရှင်မြတ်၏ တပည့်တစ်ပါးက ရေးဖွဲ့ခဲ့သည်-

---

၁ Mhavamsa, Chap 78, V. 10-27

၂ Pali Literature of Ceylon, p. 192-193

၃ P. L. C. (Corrections And Comments), p 324

www.burmeseclassic.com

www.burmeseclassic.com

'ယံ စန္ဒေ စန္ဒဘူတံ နိသိတ-
တရမတပါဏိနိ ပါဏိနီယေ၊
သဗ္ဗသိံ့ တက္ကသတ္ထေ ပဋုတရ-
မတယော ကတ္တုဘူတံ စ တံ တံ။
မညန္တေ ကာလိဒါသံ ကဝိဇန-
ဟဒယာနန္ဒဘူတံ ကဝိတ္တေ၊
သာယံ လောကတ္ထသိဒ္ဓိံ ဝိတရ-
တု ရစနာ တဿ သာရီသုတဿ။
'စန်းသဒ္ဒါကျမ်းအတတ်
စန်းအမှတ် ထေရ်ပုဂ္ဂိုလ်
ပါဏိနီသဒ္ဒါကျမ်းမှာလဲ
ပါဏိနီဆရာကျွမ်းသလိုပ
ချာယခေါ်တက္ကလမ်းရယ်နဲ့
ကျမ်းသျှဒ် ထိုထို။
ဘက်စုံ ချက်ကုန်စွမ်းတာမို့
ရွမ်းနိုင်ပေ့ စည်ပဟိုရ်
သည်လိုထေရ်မှာဖြင့် သည်တစ်ပါး၊
သာရိန္ဒယ် ကာလိမယ်ဒါသတို့
ကဗျာယာဉ်တံခွန်မို့
ပညာဝန်လက်ယာမှူးလိုပ
အရှင်မွန် လက်ရာထူး
မြူးကွန့်စေသား[၁]'

ဤအရှင်တွင် ပညာတတ်ပြီး စွမ်းရည်သတ္တိရှိသည့် တပည့် အနည်းဆုံး ၆-ပါး ကျန်ရစ်သည်။ ယင်းတို့မှာ- **အရှင်သံဃရက္ခိတ** (ဝုတ္တောဒယနှင့် သုဗောဓာလင်္ကာရ ကျမ်းပြု)၊ **အရှင်သုမင်္ဂလ**(ဋီကာကျော်ကျမ်းပြု)၊ **အရှင်ဗုဒ္ဓနာဂ**(ကင်္ခါဋီကာသစ်ကျမ်းပြု)၊ ဥဒုမ္ဗရဂိရိကျောင်းနေ **အရှင်မေဓင်္ကရ** (သီဟိုဠ်ဘာသာ**ဝိနယတ္ထသမုစ္စယ**ကျမ်းပြု)၊ **အရှင်ဝါစိဿရ** (ဝိနယဝိနိစ္ဆယဋီကာကျမ်းပြု)နှင့် ရာဇဂုရု **အရှင်ဓမ္မကိတ္တိ** (ဒါဌာဝံသကျမ်းပြု) တို့ဖြစ်သည်။

ပါဠိရွှေခေတ်

ပရက္ကမဗာဟုမင်း(၁၁၅၃-၁၁၈၆)နန်းပြုချိန်သည် ရှေးခေတ်သီရိလင်္ကာပါဠိစာပေသမိုင်း၏ ရွှေခေတ်ဖြစ်သည်။ ထိုခေတ်တွင် သီရိလင်္ကာ၌ ပါဠိစာပေပညာရှင်များစွာ ပေါ်ထွန်းသည်။ သက္ကတဘာသာကို လေ့လာလိုက်စားမှုလည်း များပြားသည်။ သံဃာ့အစည်းအဝေး၌ ဆရာဖြစ်သူနှင့်အတူ အဓိကနေရာမှပါဝင်ခဲ့သူ အရှင်သာရိပုတ္တရာ၏ခေတ်ကို အေဒီ ၁၂-ရာစု ကုန်ခါနီးနှင့် ၁၃-ရာစု အစောပိုင်းကာလဟု ခန့်မှန်းနိုင်မည် ဖြစ်သည်။

ပြုစုကျမ်းစာရင်း

အရှင်မြတ်ပြုစုသောကျမ်းစာများကို စာရင်းပြုကြည့်သော အခါ အောက်ပါအတိုင်းတွေ့ရသည်-

၁။ ဝိနယသင်္ဂဟဋ္ဌကထာ စာမျက်နှာ- ၄၆၈
၂။ သာရတ္ထဒီပနီဋီကာ ပ၊ ဒု၊တ စာမျက်နှာ-၁၄၀၄
၃။ သာရတ္ထမဉ္ဇူသာ ပ၊ဒု၊တ စာမျက်နှာ-၁၀၅၅
၄ အဘိဓမ္မတ္ထသင်္ဂဟ သီဟိုဠ်ဘာသာနိဿယ
၆။ ပဉ္စိကာလင်္ကာရဋီကာ (စာမျက်နှာမသိ)
၇။ ဝိသုဒ္ဓိပထသင်္ဂဟော (စာမျက်နှာမသိ)
၈။ ကမ္မဋ္ဌာနသင်္ဂဟော (စာမျက်နှာမသိ)
၉။ မင်္ဂလသုတ်အဖွင့်ဋီကာ (စာမျက်နှာမသိ)

ကျမ်းပြုဆုတောင်းအထူး

အရှင်မြတ်တောင်းသောဆုမှာ စိတ်ဝင်စားဖွယ်ကောင်းပြီး နှောင်းခေတ်ပုဂ္ဂိုလ်တို့ လေ့လာမှတ်သားဖွယ်ကောင်းသည်။ အရှင်သာရိပုတ္တရာမထေရ်သည် မိမိအားထုတ်ပြုစုရသည့် ကျမ်းပြုကုသိုလ်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆုတောင်းအထူးပြုခဲ့သည်-

'ကျမ်းစာပြုစုသည့်ကုသိုလ်နှင့် အခြားသော ကုသိုလ်အစုကြောင့် ဒုတိယဘဝတွင် တာဝတိံသာနတ်ပြည်၌ ဖြစ်ရပြီး ကိုယ်ကျင့်တရားနှင့် ပြည့်စုံလျက် အာရုံငါးပါးကာမဂုဏ်တရားတို့ကို မလိုက်စားဘဲ၊ ပထမမင် (သောတာပတ္တိမဂ်)ကို ရပြီးလျှင် နောက်ဆုံးဘဝ၌ မေတ္တေယျဘုရားရှင်ကို ဖူးမြင်ရပါလို၏။

'ယင်းသို့ ဖူးမြင်ရလျက် ထိုမေတ္တေယျဘုရားရှင်၏ တရားတော်ကို ကြားနာရသဖြင့် အရဟတ္တမဂ်ဖိုလ်ကို ဆိုက်ရောက်ပြီးနောက် ထိုဘုရားရှင်၏ သာသနာတော်ကို ထွန်းပြောင်အောင် ဆောင်ရွက်ရပါလို၏။

'ပြည့်ရှင်မင်းတို့သည် တရားသဖြင့် လူအပေါင်းကို စောင့်ရှောင့်ပါစေသတည်း။ (ယင်းမင်းအပေါင်းသည်) ကုသိုလ်ကောင်းမှုကို မမေ့လျော့ကြဘဲ ဗုဒ္ဓသာသနာတော်ကို ပြန့်ပွားအောင် ဆောင်ရွက်နိုင်ကြပါစေ။

'သတ္တဝါအပေါင်းသည် ဘေးကင်းရန်ကွာ၍ ကောင်းမြတ်သော အတွေးအကြံများရှိကြလျက် နိဗ္ဗာန်အငြိမ်းဓာတ်ကို ရရှိခံစားနိုင်ကြပါစေ'

အရှင်သာရိပုတ္တရာသည် ဘုရားဆုကိုပန်သူ မဟုတ်ချေ။ အရိမေတ္တေယျဘုရားရှင်ကို ဖူးမြော်ရန်နှင့် သာမန်ပုဂ္ဂိုလ်အနေဖြင့် ကျွတ်တမ်းဝင်ပြီးနောက် ထိုဘုရားရှင်၏ သာသနာကို ထွန်းပြောင်အောင် ဆောင်ရွက်ရန်သာ ဆုတောင်းခဲ့သည်။ ☺☺☺

Ashin Kelasa
1651 E Manhatton Dr
Tempe, AZ 85282   USA

[၁] ဆရာတော် အရှင်နန္ဒိသေနရေး သာရတ္ထဋီကာနိဿယနိဒါန်းမှ ကူးယူပါသည်။

www.burmeseclassic.com